This document has been shared by Free Expression Myanmar (FEM) as found. FEM has not edited the written content in any way. FEM may have technically edited the file, for example the dimesions or file size, in order to enable sharing. Any copyright belongs to the creator. If this document was digitised in any way by FEM then FEM's digitisation is under a Creative Commons Attribution- NonCommercial-ShareAlikeLicense. This license lets you remix, tweak, and build upon FEM's work non-commercially, as long as you credit FEM and license your new creations under the identical terms.

**ကချင်ပြည်နယ်ပြည်သူ့ပါတီ ၂၀၂၀ ရွေးကောက်ပွဲ ကတိကဝတ်**

၁။ ပင်လုံသဘောတူညီချက်၊ပင်လုံကတိကဝတ်များနှင့်အညီ နိုင်ငံတော်ကိုစစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ဖြစ်တည်လာရေးကို အလေးထားဆောင်ရွက်မည်။

၂။ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန်အတွက် အထူးကြိုးပမ်းဆောင်ရွက်မည်။

၃။ ကချင်ပြည်နယ်ရှိ သဘာဝသယံဇာတများမှ ရရှိနေသော အကျိုးစီးပွားများကို ကချင်ပြည်နယ်သူပြည်နယ်သားများ ခံစားရရှိနိုင်ရေး ဆောင်ရွက်ပါမည်။

၄။ ကချင်ပြည်နယ်အတွင်း အကြီးစား၊ အလတ်စား စီးပွားရေး စီမံကိန်းများနှင့် စိုက်ပျိုးမွေးမြူရေး၊ စက်မှုလက်မှုကဏ္ဍများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ဒေသခံပြည်သူလူထု၏ လုံခြုံရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရန် ကူညီဆောင်ရွက်ပါမည်။

၅။ ပြည်နယ်အတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်များကျရောက်သည့် အရေးပေါ်ကာလများတွင် ထိရောက်သောကူညီမှု ဆောင်ရွက်နိုင်ရန်အတွက် အစိုးရဘတ်ဂျက်များ သီးသန့်ထားရှိရေး လွှတ်တော်အသီးသီးသို့ တင်ပြသွားမည်။

၆။ ကချင်ပြည်နယ်သူ ပြည်နယ်သားများ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ပါမည်။

၇။ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများတွင် ပြည်နယ်၏လုပ်ပိုင်ခွင့် ပိုမို ရရှိရေးအတွက် အထူးကြိုးပမ်းဆောင်ရွက်ပါမည်။

၈။ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု ရရှိရေးနှင့်စပ်လျဉ်း၍ ပြည်နယ်သူ ပြည်နယ်သားများ လက်လှမ်းမှီ ခံစားနိုင်ရေးကို မျက်ခြေမပြတ် စောင့်ကြည့်၍ လိုအပ်သလို ကူညီဆောင်ရွက်ပါမည်။

၉။ မြစ်ဆုံရေးအားလျှပ်စစ်စီမံကိန်း အပြီးတိုင် ထာဝရ ရပ်ဆိုင်းရေးကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ပါမည်။

၁၀။ နေရပ်စွန့်ခွာပြည်သူများ မိမိနေရပ်သို့ ဘေးအန္တရာယ်ကင်းရှင်းစွာ ပြည်လည်ရောက်ရှိ နေထိုင်နိုင်ရန်နှင့် လုပ်ကိုင်စားသောက်နိုင်ရန်၊ မိမိတို့ပိုင်ဆိုင်သော လယ်ယာမြေများ ဆုံးရှုံးခြင်းမရှိဘဲ တရားဝင်ပိုင်ဆိုင်ခွင့် ရရှိနိုင်ရန်ကူညီဆောင်ရွက်ပါမည်။

၁၁။ တိုင်းရင်းသားများ၏ အမည်နာမ၊ သမိုင်းကြောင်းနှင့် ဖြစ်တည်မှုတို့ မှန်ကန်စေရန်နှင့် စာပေ၊ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ပါမည်။

၁၂။ မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်ရောင်းချမှု ပပျောက်စေရေးအတွက် အမျိုးသားရေး တာဝန်အဖြစ် သတ်မှတ်ကာ ပြည်သူနှင့်အတူ တားဆီးဆန့်ကျင်တိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်ပါမည်။

၁၃။ မူးရစ်ဆေးဝါးသုံးစွဲသူများ ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးတို့အတွက် အလေးထားဆောင်ရွက်ပါမည်။

၁၄။ ကျန်းမာသန်စွမ်းသောပြည်နယ်သူ ပြည်နယ်သားများ ဖြစ်လာစေရန်နှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွန်းလာစေရန် အားကစားကဏ္ဍကို အားပေးမြှင့်တင်သွားပါမည်။

၁၅။ လွှတ်တော်ကိုယ်စားလှယ်များကို တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေ အကောင်အထည်ဖော် ပြဋ္ဌာန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပါမည်။